# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 15 , 2022 | Volume 52, Number 10


**၁၅.၃.၂၀၂၂**

| | | |
|---|---|---|
| ကမ္ဘာ့ရွှေဈေး | = | ၁၉၃၃ US$ |
| မြန်မာ့ရွှေဈေး | = | ၁၉၈၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = | ၂၀၂၅ ကျပ် |
| CBM Rate | = | ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = | ၁၉၅၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = | ၁၃၀၁.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = | ၂၃၁၆.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = | ၁၂၇၈.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = | ၂၇၈.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = | ၂၃.၂၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = | ၁၄၂.၉၂ ကျပ် |
| မလေးရှားရင်းဂစ် | = | ၄၂၂.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = | ၅၃.၀၁၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## တရုတ်နိုင်ငံနှင့်ပူးပေါင်းပြီး COVID-19 ကာကွယ်ဆေး Myancopharm ကို မြန်မာ့ဆေးဝါးက ထုတ်လုပ်




https://news-eleven.com/article/227409

တရုတ်နိုင်ငံနှင့်ပူးပေါင်းပြီး COVID-19 ကာကွယ်ဆေး Myancopharm ကို မြန်မာ့ဆေးဝါးက ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

ကိုဗစ်ကာကွယ်ဆေးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် တရုတ်နိုင်ငံမှ Sinopharm CNBG ဆေးဝါးစက်ရုံနှင့် ပူးပေါင်းကာ ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ မြွေဆိပ်ဖြေဆေးနှင့် အခြားကာကွယ်ဆေးများကို ထုတ်လုပ်ထားသည့် အခြေခံစက်များရှိသဖြင့် ကိုဗစ်ကာကွယ်ဆေးထုတ်လုပ်ရန် အခြေအနေရှိသည်ဟု CNBG က အကြောင်းပြန်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနပိုင် ကြေးမုံသတင်းစာတွင် ဖော်ပြထားသည်။

ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာဆိုင်ရာ ကိစ္စရပ်များဆက်လက်ဆွေးနွေးညှိနှိုင်းရန်အတွက် ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာဆိုင်ရာ လျှို့ဝှက်ချက်ထိန်းသိမ်းမှုသဘောတူစာချုပ် (Non Disclosure Agreement)အား ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ဆေးထုတ်လုပ်မှုနည်းပညာများကို လွှဲပြောင်းရုံသာမက တရုတ်နိုင်ငံမှ ပညာရှင်နှစ်ဦးလာရောက်ကာ ကာကွယ်ဆေးထုတ်လုပ်မှု နည်းပညာများကို သင်ကြား လေ့ကျင့်ပေးခြင်းနှင့်ထုတ်လုပ်မှုကို ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါ ကိုဗစ်ကာကွယ်ဆေး “Myanco[1]pharm” တစ်ပုလင်းလျှင် လူငါးဦး ထိုးနှံနိုင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/227409

## မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ ရေသွင်းပဲတီစိမ်းများအစား ဝါကိုပိုမိုစိုက်ပျိုးလာ

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၌ ယခုလပိုင်းမှစ၍ ရေသွင်းစိုက်ပျိုးသည့် ပဲတီစိမ်းများအစား ဝါကိုပိုမိုစိုက်ပျိုးလာကြောင်း မန္တလေးတိုင်းဒေသကြီး ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးညွန့်ဝေ၏ ပြောပြချက်အရ သိရသည်။



https://www.myawady.net.mm/node/23174

ပဲတီစိမ်းက ရေသွင်းပြီးမှ စိုက်ရတဲ့အတွက် ဒီဇယ်ဆီ အသုံးပြုရတယ်။ နောက်ပြီး ပိုးသတ်ဆေးနဲ့ သွင်းအားစုပိုသုံးရတယ်။ ဝါနဲ့စိုက်ချိန်အတူတူပါပဲ။ မတ်လနဲ့ဧပြီလတွေမှာ စိုက်တာများတယ်။ တချို့ကတော့ ကြက်သွန်နီနုတ်အပြီးမှာ ကျန်နေတဲ့သွင်းအားစုနဲ့ စိုက်ကြတယ်။ လက်ရှိ ပဲတီစိမ်းစိုက်တဲ့သူတွေကတော့ ထယ်ရေးပြင်နေကြပြီ။ အစားထိုးစိုက်သူတွေလည်းများတယ်။ ဒီနှစ်က ဝါဈေးကောင်းတဲ့အတွက် ပဲတီစိမ်းအစား ဝါကိုစိုက်ကြတယ်ဟု ဦးညွန့်ဝေကပြောသည်။

ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်း၊ မျိုးစေ့နှမ်းထားများ လျော့ကျလာခြင်းနှင့် ပြည်တွင်းဝယ်လိုအား များလာခြင်းစသည်တို့ကြောင့် တောင်သူများက ဝါကို၏ပိုမိုစိုက်ပျိုးလာကြခြင်းဖြစ်သည်။

ဝါဈေးကောင်းတာကတော့ တရုတ်နိုင်ငံဘက်ကလည်း အဝယ်လိုက်လာလို့ပါ။ ပြည်တွင်းမှာလည်း ပြည်ပကအဝင်မရှိတော့ ကုန်ချောသမားတွေက ပြည်တွင်းဝါကိုပဲ သုံးလာကြတယ်။ အရင်နှစ်တွေက ဝါဈေးမကောင်းခဲ့တော့ တောင်သူတွေက လျှော့ပြီးစိုက်ကြတယ်။ ဒီနှစ်မှာတော့ ဝါဈေးကောင်းရနေလို့ တောင်သူတွေလည်း ပြန်စိုက်နေကြပါပြီဟု ဦးညွန့်ဝေကပြောသည်။

ပြီးခဲ့သည့်နှစ်က ဝါတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ မှ ၉၀၀ ဝန်းကျင်သာရှိခဲ့သော်လည်း ယခုနှစ်တွင် ဝါတစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ မှ ၂၀၀၀ ဝန်းကျင်အထိရှိကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/23174

## ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ငှက်ပျောသီးများဈေးကောင်းရ



Source: ရတနာပုံသတင်းစာ

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသော ငှက်ပျောသီးများ ယခင်နှစ်ထက် ဈေးကောင်းရနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းကပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှထွက်ရှိသော ငှက်ပျောဈေးကွက်အနေဖြင့် ပြီးခဲ့သည့်နှစ်က ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၁၀၀၀၊ ခွံစိမ်းငှက်ပျော၊ ရခိုင်ငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၆၀၀ ဈေးသာရရှိခဲ့ပြီး ယခုနှစ်တွင် ဖီးကြမ်းငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၁၅၀၀၊ ခွံစိမ်းငှက်ပျောတစ်ဖီး၊ ရခိုင်ငှက်ပျောတစ်ဖီးလျှင် ငွေကျပ် ၈၀၀ ဈေးဖြင့် ဈေးကောင်းရရှိကြောင်းသိရသည်။

"ငှက်ပျောဈေးကွက်အနေနဲ့ကတော့ မနှစ်ကနဲ့စာရင် ဈေးတွေတက်လာတာပါ။ ဒီနှစ် ငှက်ပျောဈေးကွက်အခြေအနေကောင်းမွန်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းကာလ၌ ငှက်ပျောစိုက်ပျိုးမှုကို ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ မော်လိုက်ခရိုင်တွင် ၆၄၅ ဧက၊ တမူးခရိုင်တွင် ဧက ၃၄၀၊ ကလေးခရိုင်တွင် ၈၉၆ ဧက၊ ခန္တီးခရိုင်တွင် ၆၇၁ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၄၀၈ ဧက၊ မုံရွာခရိုင်တွင် ၄၂၂၈ ဧက၊ ယင်းမာပင်ခရိုင်တွင် ၂၈၇၇ ဧက၊ ရွှေဘိုခရိုင်တွင် ၇၆၁၆ ဧက၊ ကန့်ဘလူခရိုင်တွင် ၆၂၂ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၈၈ ဧက၊ ကသာခရိုင်တွင် ၅၄၄၇ ဧက၊ ကောလင်းခရိုင်တွင် ၁၇၂၆ ဧက စုစုပေါင်း ၂၅၉၆၄ ဧက စိုက်ပျိုးထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငှက်ပျောစိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောအပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် အသီးသီးသည်အထိ စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ပြန်လည်ရရှိကြောင်း ဦးအောင်ကြည်ဝင်းက ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## စားအုန်းဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အပတ်စဉ်ရည်ညွှန်းဈေးနှုန်းဇယား

စားအုန်းဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ အပတ်စဉ် ရည်ညွှန်းဈေးနှုန်းဇယားကို ဖော်ပြအပ်ပါသည် -

**စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ**

**အပတ်စဉ် ရည်ညွှန်းဈေးနှုန်း သတင်း**

**(၁၄.၃.၂၀၂၂)ရက်နေ့မှ (၂၀.၃.၂၀၂၂) ရက်နေ့အထိ**

| စဉ် | အကြောင်းအရာ | ဈေးနှုန်း (ဒေါ်လာ) |
|---|---|---|
| 1 | စားအုန်းဆီ(CIF) CP 8°C Max **IV 58** (March) Shipment | 1881 |
| 2 | 18 LITER JERRY CAN (CIF) **IV 58**(March) Shipment | 2021 |
| | | ကျပ် |
| 3 | Export Earning (CBM + 0.5%) | 1787 |
| 4 | MICB Earning | 1978 |
| 5 | စားအုန်းဆီ တစ်ပိဿာအရင်းဈေး CP 8. C Max IV 58 (March) Shipment<br>(CIF ဈေး x Export Earning ÷ 612) + စရိတ်+ ထပ်ဆောင်း အရောင်းကုန်သွယ်ခွန်<br>( 1881 x 1787 ÷ 612.39 ) + 326.18 + 9.38 = 5824<br>( 1881 x 1978 ÷ 612.39 ) + 330.83 + 38.11 = 6445 | 5824<br>6445 |
| 6 | လက်ကား ရည်ညွှန်းဈေး | 5940 ~ 6575 |
| 7 | ဈေးကွက် ပေါက်ဈေး(လက်ကားဈေး)CP 8°C Max **IV 58** | 6575 |
| 8 | လက်လီ ပေပါဈေး CP 8°C Max **IV 58** | 6625 |
| 9 | လက်လီပုံးဆွဲဈေး CP 8°C Max **IV 58** | 6725 |

<u>မှတ်ချက်</u>

- ဖော်ပြပါ အရင်းဈေးသည် တစ်ပတ်စာပျမ်းမျှ နိုင်ငံခြား စားသုံးဆီဈေးနှုန်း၊ ပြည်တွင်း Earning ပေါက်ဈေးများအရ တွက်ချက်ထားခြင်းဖြစ်ပါသည်။
- ဖော်ပြပါ ဈေးနှုန်းများသည် နောက်ထပ်ဈေးနှုန်း မထုတ်ပြန်မီ အချိန်အထိ အတွက်သာ ဖြစ်ပါသည်။
- အမှတ်စဉ် ၇၊ ၈၊ ၉ မှ စားအုန်းဆီလက်ကားဈေး၊ လက်လီပေပါဈေးနှင့် လက်လီ ပုံးဆွဲဈေးနှုန်းများသည် ရန်ကုန်မြို့၏ ဈေးနှုန်းများဖြစ်ပါသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4331-palm-oil-2022-march-14.html

## မင်းဘူးခရိုင်အတွင်းယခုနှစ်ဆောင်းကာလ စိုက်ပျိုးခဲ့သည့် မြေပဲသီးနှံ ၂၈၂၁ ဧက နုတ်သိမ်းပြီးစီး



Source: ရတနာပုံသတင်းစာ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ယခုနှစ် ဆောင်းကာလက စိုက်ပျိုးခဲ့သည့် ဆောင်းသီးနှံမြေပဲများအနက် ၂၈၂၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမိုးက ပြောပြ၍သိရသည်။

မင်းဘူးခရိုင်အတွင်း မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာ မြို့နယ်တို့တွင် ယခုနှစ် ဆောင်းကာလ၌ ဆောင်းသီးနှံမြေပဲ ၁၃၄၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ရာ ယခုအခါ ၂၈၂၁ ဧက နုတ်သိမ်းပြီးစီးသွားပြီးဖြစ်ကြောင်းသိရသည်။

"မင်းဘူးခရိုင်အတွင်း ဆောင်းသီးနှံမြေပဲ စိုက်ဧကပေါင်း ၁၃၄၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် မတ်လအတွင်း ဆောင်းသီးနှံမြေပဲ ၂၈၂၁ ဧက နုတ်သိမ်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။ တစ်ဧက အထွက်နှုန်း ၄၆ ဒသမ ၇၉ တင်းထိထွက်ရှိခဲ့ပါတယ်။ ကျန်ရှိနေတဲ့ ဆောင်းမြေပဲ စိုက်ဧကတွေကိုလဲ နုတ်သိမ်းဆောင်ရွက်နေပါတယ်"ဟု ဦးလှမိုးက ပြောပြသည်။

ဆောင်းမြေပဲစိုက်တောင်သူများကို သီးနှံမစိုက်ပျိုးမီကာလက သီးနှံအထွက်နှုန်း ကောင်းစေရေးအတွက် စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ ပိုးမွှားရောဂါ ကာကွယ်နည်းစနစ်များ၊ ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာများ သုံးစွဲနည်းစနစ်များကို တောင်သူများသိရှိလိုက်နာဆောင်ရွက်ရန် မြို့နယ်များတွင် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် မိုးကာလက မိုးရွာသွန်းမှုကောင်းခဲ့သဖြင့် မြေအောက်ရေကောင်းစွာစိမ့်ဝင်ရောက်ကာ ဆောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးနည်းစနစ်မှန်ကန်ပါက သီးနှံအထွက်နှုန်းကောင်းကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။
Source: ရတနာပုံသတင်းစာ

စီးပွားရေးသံမှူးသတင်းများ

## အိန္ဒိယနိုင်ငံ Bengal Global Business Summit သို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပါရန် ဖိတ်ကြားလာမှုကိစ္စ

အိန္ဒိယနိုင်ငံ၊ ကောလ်ကတ္တားမြို့၌ ၂၀၂၂ ခုနှစ် ဧပြီလ ၂၀ ရက်မှ ၂၁ ရက်နေ့အထိ ကျင်းပမည့် ဆဌမအကြိမ် Bengal Global Business Summit ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်များ ပါဝင်တက်ရောက်ရန် အနောက်ဘင်္ဂလား ပြည်နယ်အစိုးရက ဖိတ်ကြားလာခဲ့ပါသည်။ အဆိုပါ ညီလာခံဆွေးနွေးပွဲ၏ အသေးစိတ်အချက်အလက်များအား စုံစမ်းပြန်ကြားပေးပါရန် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြောင်းကြားလာမှုအပေါ် ဆွေးနွေးပွဲအား ပူးပေါင်းစီစဉ်သည့် West Bengal Industrial Development Corporation (WBIDC) က အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များ၏ ကောလ်ကတ္တားမြို့သို့ ရောက်ရှိတည်းခိုနေထိုင်မှုနှင့် မြို့တွင်းခရီးသွားလာမှုအတွက် စီစဉ်သူက ကျခံပေးမည်ဖြစ်ပါကြောင်း ပြန်ကြားခဲ့ပါသည်။

ယခုအခါ WBIDC က Bengal Global Business Summit အား ကျင်းပမည့်နေ့မတိုင်မီ ၁၉-၄-၂၀၂၂ နေ့တွင် အနောက်ဘင်္ဂလားပြည်နယ်အစိုးရဝန်ကြီးချုပ် Ms. Mamata Banerjee က ဆွေးနွေးပွဲတက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့များသို့ ညနေစာဖြင့်တည်ခင်းဧည့်ခံမည်ဖြစ်ကြောင်း၊ ၂၀-၄-၂၀၂၂ နှင့် ၂၁-၂-၂၀၂၂ ရက်နေ့များတွင် ကိုယ်စားလှယ်အဖွဲ့များအတွက် B2B သို့မဟုတ် B2G တွေ့ဆုံပွဲများ ဆောင်ရွက်မှုနှင့်အတူ ညီလာခံဆွေးနွေးပွဲ အစီအစဉ်များအား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့၏ ကောလ်ကတ္တားမြို့သို့ ရောက်ရှိတည်းခိုးနေထိုင် သွားလာမှုကို WBIDC က စီစဉ်ပေးမည်ဖြစ်သော်လည်း၊ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များမှာမူ တည်းခိုနေထိုင်ရေးကိစ္စများကို ၎င်းတို့၏အစီအစဉ်ဖြင့် တိုက်ရိုက်ကြိုတင်မှာကြား ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ညီလာခံဆွေးနွေးပွဲ၏ အသေးစိတ်

အချက်အလက်များကို www.bengalglobalsummit.com က လေ့လာကြည့်ရှုနိုင်ကြောင်း၊ ဟိုတယ်များ၏ အချက်အလက်များကိုလည်း BGBS website ၌ ဖော်ပြပေးမည်ဖြစ်ကြောင်းနှင့် ယခုညီလာခံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်ပါက ဝမ်းမြောက်စွာကြိုဆိုမည်ဖြစ်ပါကြောင်း သံရုံးသို့အီးမေးလ်ပေးပို့လာပါသည်။

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## ၂၀၃၀ ပြည့်နှစ်ခန့်တွင် စင်ကာပူနိုင်ငံ၏ ပို့ကုန်ပမာဏအား အနည်းဆုံး စင်ကာပူဒေါ်လာ တစ်ထရီလီယံအထိ တိုးတက်ရရှိလာစေရေး မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ခြင်း

၂၀၃၀ ပြည့်နှစ်ခန့်တွင် စင်ကာပူနိုင်ငံ၏ ပို့ကုန်ပမာဏအား အနည်းဆုံး စင်ကာပူဒေါ်လာ တစ်ထရီလီယံအထိ တိုးတက်ရရှိလာစေရေးအတွက် မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Gan Kim Yong က ၄ – ၃ – ၂၀၂၂ ရက်နေ့တွင် စင်ကာပူပါလီမန်၌ ပြောကြားခဲ့ပါသည်။ Gan Kim Yong သည် စင်ကာပူစီးပွားရေး ၂၀၃၀ (Singapore Economy 2030) မျှော်မှန်းချက်ကို ပါလီမန်သို့ တင်ပြဆွေးနွေးစဉ်အတွင်း ကုန်သွယ်ရေးမျှော်မှန်းချက်ကို လည်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ပါသည်။

စင်ကာပူနိုင်ငံ၏ သေးငယ်သောပြည်တွင်းဈေးကွက်ကြောင့် စင်ကာပူနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် စင်ကာပူနယ်နိမိတ်ကိုကျော်လွန်၍ ဖွံ့ဖြိုးတိုးတက်လာစေရန် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊

စင်ကာပူသည် အာဆီယံနှင့် အခြားပလက်ဖောင်းများမှတစ်ဆင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု ခိုင်မာအားကောင်းလာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒနှင့် နိုင်ငံအချင်းချင်းအားပြိုင်မှုများကြီးထွားလာနေသောကာလတွင် ကမ္ဘာလုံးဆိုင်ရာချိတ်ဆက်ဆောင်ရွက်မှုသည် အထူးအရေးကြီးပါကြောင်းလည်း ဝန်ကြီးကထောက်ပြဆွေးနွေးခဲ့ပါသည်။

စင်ကာပူသည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် (FTA) ဖြစ်သည့် RCEP ကဲ့သို့သော FTA များတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပြီး၊ ယခုနှစ်တွင် CPTPP ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ်လည်းဆောင်ရွက်နေပါကြောင်း၊ ကုန်သွယ်ရေးဆိုင်ရာစည်းမျဉ်းများချမှတ်ခြင်းနှင့် ထွန်းသစ်စနယ်ပယ်များတွင် မြင့်မားသောစံနှုန်းများသတ်မှတ်ခြင်းတို့ဖြင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း၊ နယ်စပ်ဖြတ်ကျော် Data စီးဆင်းမှုနှင့် ဒီဂျစ်တယ် ကုန်သွယ်ရေးအပေါ်ပံ့ပိုးပေးမည့် ဒီဂျစ်တယ်စီးပွားရေးသဘောတူညီချက်များ၊ အစိမ်းရောင်စီးပွားရေးသဘောတူညီချက်များကို ဆန္ဒတူညီသည့်မိတ်ဖက်များနှင့်ချုပ်ဆို၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံ ပါဝင်သော FTA ၂၇ ခုသည် ကုမ္ပဏီများ အတွက် အကောက်ခွန်သက်သာမှုရရှိခြင်း၊ ဉာဏပစ္စည်းမူပိုင်ခွင့်ရရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကာကွယ်ပေးမှုရရှိခြင်း၊ ကောင်းမွန်သောစီးပွားရေးပတ်ဝန်းကျင်တွင်လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာပွင့်လင်းမြင်သာမှုရှိခြင်းစသည့်အကျိုးကျေးဇူးများကို ခံစားရရှိစေမည်ဖြစ်ကြောင်း၊ SME များမှ FTA များ၏ အခွင့်အလမ်းကောင်းများကိုရယူနိုင်ရန် စင်ကာပူစီးပွားရေးအဖွဲ့ချုပ်အပါအဝင် လုပ်ငန်းမိတ်ဖက်များနှင့်ပူးပေါင်း၍ ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး Gan Kim Yong က ပြောကြားခဲ့ပါသည်။

စင်ကာပူ၏ ကုန်သွယ်မှုပမာဏ တိုးတက်လာစေရန်အတွက် ကုန်သွယ်မှုလုပ်ငန်းအမျိုး အစားများကိုလည်းကောင်း၊ ကုန်သွယ်ဖက်နိုင်ငံများနှင့်ကုန်သွယ်သောပမာဏကိုလည်းကောင်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင်ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်ဖြန့်ဖြူးရေးကွင်းဆက်များအတွင်း ပိုမိုနက်ရှိုင်းစွာပါဝင်နိုင်ရေးအတွက် ပြန်လည်တင်ပို့မှု (Re-export) နှင့် တစ်ဆင့်လွှဲပြောင်းတင်ပို့မှု (Transhipment) များကိုလည်း ပိုမိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စင်ကာပူသည် ကမ္ဘာ့ထိပ်တန်းကုန်သည်များ (Global Traders) ကို ဆွဲဆောင်ရန်နှင့် ၎င်းတို့အား စင်ကာပူကုမ္ပဏီများအတွက် နိုင်ငံတကာဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်ရန် ကူညီပံ့ပိုးပေးမည့် ပလက်ဖောင်းများအဖြစ် အသုံးချဆောင်ရွက်မည်ဖြစ်ပါသည်။ ပြည်တွင်းလုပ်ငန်းများဖြစ်ပြီး နိုင်ငံတကာအဆင့်ကုန်သည်ကြီးများ (Singapore Global Traders) ဆက်လက် တိုးတက်ကြီးထွားလာစေရန်အတွက်လည်း ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍသည် အလုပ်အကိုင် ၃ သိန်းကျော် ဖန်တီးပေးထားနိုင်ခဲ့ပြီး၊ ၎င်းတို့အနက် ၈၀ ရာခိုင်နှုန်းခန့်မှာ နိုင်ငံသားများဖြစ်ကာ ၇၀ ရာခိုင်နှုန်းနီးပါးသည် မန်နေဂျာနှင့် အင်ဂျင်နီယာများကဲ့သို့သော နည်းပညာကျွမ်းကျင်အဆင့် အလုပ်အကိုင်များဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍမှ အခွင့်အလမ်းကောင်းများ ဆက်လက်ရယူနိုင်ရန်အတွက် လိုအပ်သောကျွမ်းကျင်မှုနှင့် အသိပညာရှိသော လုပ်သားအင်အားကို တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့ရည်နှင့် ကာဗွန်ခရက်ဒစ်များကဲ့သို့သော ကုန်စည်များရောင်းဝယ် ဖောက်ကားရေးအပိုင်းတွင် ကျွမ်းကျင်မှုရှိလာစေရန်အတွက် လုပ်ငန်းများ၊ အဆင့်မြင့်ပညာ လေ့လာရေးတက္ကသိုလ်/ကျောင်းများနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Gan Kim Yong ၏ ပြောကြားချက်အရ သိရှိရပါသည်။

Source: Ministry of Trade & Industry, Singapore

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## လောင်စာဆီကုန်ကျစရိတ်များ မြင့်တက်လာသည်နှင့်အမျှ စက်သုံးဆီဈေးနှုန်းများ ပြန်လည်ပြင်ဆင်ရန် ထိုင်းနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်းချုပ်(FTI) က တောင်းဆိုခြင်း

ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FTI)က ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှု၏ သက်ရောက်မှုကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းစက်သုံးဆီဈေးနှုန်း ဖွဲ့စည်းပုံကိုပြန်လည်ပြင်ဆင်ပေးရန် အစိုးရကိုတောင်းဆို လိုက်ကြောင်း သိရှိရပါသည်။

ဈေးနှုန်းဖွဲ့စည်းပုံအသစ်တစ်ခုဖန်တီးရန်အတွက်စွမ်းအင်ဌာနမှ တာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့သော ပြောင်းလဲမှုများ ပြုလုပ်သင့်သည်ကို အသေးစိတ်ဖော်ပြမထားသော်လည်း မူဝါဒရေးဆွဲသူများအား လူနေမှုစရိတ်နှင့်ဘတ်ဂျက် ကန့်သတ်ချက်များကို သေချာချိန်ဆရန်တိုက်တွန်းထားကြောင်းသိရှိရပါသည်။

အစိုးရအနေဖြင့်၎င်း၏ဝန်ထုတ်ဝန်ပိုးကိုသက်သာစေပြီးပြည်သူအများ၏ဝန်ထုပ်ဝန်ပိုးကို တစ်ပြိုင်နက်တည်း လျှော့ချနိုင်စေရန် သေချာစေရမည်ဖြစ်ကြောင်း FTI၏ ဒုတိယဥက္ကဋ္ဌ Jriengkrai Thiennukul ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ ယခုသီတင်းပတ် အစောပိုင်းက အမေရိကန်အနေဖြင့် ရုရှားမှရေနံတင်ပို့မှုအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ရန် စဉ်းစားနေကြောင်းသတင်းများထွက်ပေါ်ခဲ့ပြီးနောက်၊ ကမ္ဘာ့ရေနံဈေးနှုန်းသည် ယခုသီတင်းပတ် အစောပိုင်းတွင်တစ်စည်လျှင် အမေရိကန်ဒေါ်လာ(၁၃၀)သို့ အရှိန်အဟုန်ဖြင့်မြင့်တက်ခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးနှုန်း ဆက်လက်မြင့်တက်မည်ကို စိုးရိမ်လျှက်ရှိကြပြီး မှန်ကန်သောဖြေရှင်းဆောင်ရွက်မှု လိုအပ်ကြောင်း သိရှိရပါသည်။

ရုရှားသည် ကမ္ဘာ့ထိပ်တန်းရေနံ တင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး တစ်နေ့လျှင် ရေနံစည်ပေါင်း (၄-၅)သန်း (သို့မဟုတ်) ကမ္ဘာလုံးဆိုင်ရာထောက်ပံ့မှု၏ (၅-၆%) ဝန်းကျင်ခန့် ထောက်ပံ့ပေးနေကြောင်း Thai Oil Plc မှ လေ့လာသုံးသပ်သူများထံမှ သိရှိရပါသည်။

ကမ္ဘာ့ရေနံဈေးအနေဖြင့် တစ်စည်လျှင် တစ်ဒေါ်လာတက်လာပါကထိုင်းနိုင်ငံ၏ ပြည်တွင်းလက်လီဈေးနှုန်းအနေဖြင့် တစ်လီတာ လျှင် (၀.၂၅)ဘတ်အထိ တက်သွားမည်ဖြစ်ကြောင်း Mr. Kriengkrai က ပြောကြားချက်အရသိရှိရပါသည်။

အစိုးရအနေဖြင့် စက်သုံးဆီရန်ပုံငွေမှထောက်ပံ့ငွေများကို အသုံးပြုပြီးပြည်တွင်းဒီဇယ်ဆီဈေးနှုန်းများကို ထိန်းချုပ်လျှက်ရှိနေကြောင်း၊ ဒီဇယ်ဆီအထူးကုန်စည်ခွန်ကို တစ်ဝက်တိတိ အချိန်သုံးလကြာ ဖြတ်တောက်ခြင်းဖြင့် ဈေးနှုန်းများကို တစ်လီတာလျှင် ဘတ်ငွေ(၃၀)အောက်ရှိစေရန် ဆောင်ရွက်လျှက်ရှိကြောင်း၊ မော်တော်ယာဉ်သုံးစွဲသူများထံမှ ဒီဇယ်ဆီအတွက် အထူးကုန်စည်ခွန်အနေဖြင့် တစ်လီတာလျှင်(၅.၉၉)ဘတ်ကောက်ခံလေ့ရှိကြောင်းသိရှိရပါသည်။

Thammasat တက္ကသိုလ်မှ ဘောဂဗေဒပညာရှင် Praipol Koomsap က အစောပိုင်းတွင် အစိုးရသည်Benzine အား (၃)ဘတ် ယာယီအခွန်ဖြတ်တောက်ပေးရန်အတွက်အကြံပြုတင်ပြခဲ့ကြောင်း၊ အီသနောနှင့် Benzine ရောထားသော Gasoline နှင့် Gasoholတို့၏ အထူးကုန်စည်ခွန်မှာ တစ်လီတာလျှင် (၅.၂-၅.၈၇) ဘတ်ရှိကြောင်း သိရှိရပါသည်။

လောင်စာရန်ပုံငွေမှာ လက်လီဈေးနှုန်းများကို ကာလကြာရှည်စွာ ထောက်ပံ့ပေးနိုင်လိမ့်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခ ပြင်းထန်လာသည်နှင့်အမျှ ဒီဇယ်ဆီဈေးသည်တစ်လီတာလျှင် ဘတ်(၃၀)

ကျော်လွန်လာနိုင်ပြီး Benzine သည် တစ်လီတာလျှင် (၅၀)ဘတ် ကျော်လာနိုင်ကြောင်း၊ အများသူငါ သယ်ယူပို့ဆောင်ရေးနှင့် Car-Pooling ပြုလုပ်ခြင်းတို့ဖြင့် လူအများအနေဖြင့် စွမ်းအင်ကို ပိုမိုချွေတာသင့်သည်ဟု Mr. Kriengkrai က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## STOCK EXCHANGE (15.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +100 | +1.25% | 8,000 | 8,100 | 8,000 | 30 | 242,000 | 33,109,694 | 268,189 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 224 | 649,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 300 | 810,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 154 | 415,800 | 19,977,223 | 53,939 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |

### Market summary

As of 15th Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.27 | +2.07 | +0.56% | 372.36 | 374.27 | 372.36 | 708 | 2,117,400 | 7 | 651,085 |

**Index chart**

